# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

**ညွှန်ကြားချက်အမှတ် ၁ / ၂၀၂၄**

**၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်**

**(၂၀၂၄ ခုနှစ်၊ မတ်လ ၈ ရက်)**

## ပြည်တွင်း၌ တိရစ္ဆာန်အစာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်ညွှန်ကြားချက်

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ပြည်တွင်း၌ တိရစ္ဆာန်အစာဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅၅ ပုဒ်မခွဲ(ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ တိရစ္ဆာန်အစာများကို ဖြန့်ဖြူးရောင်းချလိုသူသည် ခွင့်ပြုလက်မှတ်ရရှိရန် သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးထံ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အောက်ပါ အထောက်အထားများ ပူးတွဲလျှောက်ထားရမည်-

(က) လုပ်ငန်းဌာန၏ တည်နေရာ၊ အဆောက်အအုံနှင့် မြေနေရာအခင်းအကျင်း အတိုင်း အတာ၊ အကျယ်အဝန်း၊

( ခ ) လုပ်ငန်းတွင်အသုံးပြုမည့် ပစ္စည်းကိရိယာများစာရင်း၊

( ဂ ) ဖြန့်ဖြူးရောင်းချမည့် တိရစ္ဆာန်အစာ အမျိုးအစားစာရင်း၊

(ဃ) တိရစ္ဆာန်အစာ ဖြန့်ဖြူးရောင်းချခြင်းနှင့်စပ်လျဉ်း၍ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့် ယင်းဥပဒေအရ ထုတ်ပြန်ထား သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကတိဝန်ခံချက်။

၂။ တိရစ္ဆာန်အစာ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်လျှောက်ထားသူသည်-

(က) မြန်မာနိုင်ငံအတွင်း နေထိုင်သူဖြစ်ရမည်။

(ခ) နိုင်ငံခြားကုမ္ပဏီဖြစ်ပါက ပြည်တွင်းတွင် နေထိုင်သော တရားဝင် ကိုယ်စားလှယ် ဖြစ်ရမည်။

(ဂ) ဖက်စပ်ကော်ပိုရေးရှင်း သို့မဟုတ် အခြားအလားတူ ကော်ပိုရေးရှင်းဖြစ်ပါက ၎င်း၏ တရားဝင်ကိုယ်စားလှယ် ဖြစ်ရမည်။

၃။ တိရစ္ဆာန်အစာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို တစ်ခုထက်ပို၍ ဆောင်ရွက်လိုပါက လုပ်ငန်း တစ်ခုစီအတွက် ခွင့်ပြုလက်မှတ် တစ်ခုစီလျှောက်ထားရမည်။

၄။ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးသည် အပိုဒ် ၁ အရ လျှောက်ထားချက်ကို လက်ခံရရှိပါက လျှောက်လွှာနှင့်အတူ ပူးတွဲပါရှိရမည့် အထောက်အထားများ ပြည့်စုံမှန်ကန်မှု ရှိ မရှိ စိစစ်၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) တိရစ္ဆာန်အစာကုန်ကြမ်း လက်လီရောင်းချသည့်လုပ်ငန်းအတွက် လျှောက်ထားခြင်း ဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ထားသည့် အခကြေးငွေကို ပေးသွင်းစေပြီး လျှောက်ထားသူအား ခွင့်ပြုလက်မှတ်ထုတ်ပေးရမည်။

(ခ) တိရစ္ဆာန်အစာနှ လက်လီရောင်းချသည့်လုပ်ငန်း သို့မဟုတ် ဓာတ်မီနည်းဖြင့် ဖော်စပ်ထားသည့် တိရစ္ဆာန်အစာ၊ အစာတောင့်များ လက်လီလက်ကား ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်းနှင့် တိရစ္ဆာန်အစာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း အတွက် လျှောက်ထားခြင်းဖြစ်ပါက သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာ ခရိုင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

၅။ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးသည် အပိုဒ် ၄ အပိုဒ်ခွဲ (ခ) အရ တင်ပြချက်ကို လက်ခံရရှိပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) တိရစ္ဆာန်အစာနှ လက်လီရောင်းချခြင်းလုပ်ငန်းအတွက် လျှောက်ထားခြင်းဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။